**Information letter from the Norwegian Institute of Public Health**
No. 1 Tuberculosis • Burmese • Last updated September 2005
www.fhi.no/publ/infoletter

# တီဘီရောဂါကို ကုသရန် အရေးကြီးသည်

**တီဘီရောဂါ ဆိုတာဘာလဲ**

မိုကိုဘက်တီးရီးယား တီဘီပိုးတစ်မျိုးကြောင့် ဖြစ်ရသော တီဘီရောဂါသည် အလေးအနက်ထားရမည့် ကူးစက်ရောဂါတစ်ခုဖြစ်သည်။ ဤရောဂါသည် ခန္ဓာကိုယ် အစိတ် အပိုင်းအားလုံးတွင် ဖြစ်နိုင်ပြီး၊ အများအားဖြင့် အဆုပ်တွင် အဖြစ်များသည်။ စောလျင်စွာ တိတိကျကျ ကုသခြင်းဖြင့် ရောဂါပျောက်ကင်း စေနိုင်သည်။ ထို ကုသမှုအတွက် နော်ဝေနိုင်ငံတွင် အခမဲ့ ဖြစ်သည်။

**တီဘီရောဂါ ဘယ်လို ကူးစက်ပါသလဲ**

တီဘီရောဂါသည် လေထဲမှတဆင့် ကူးစက်သည်။ အဆုပ်တွင် တီဘီရောဂါ ဖြစ်နေသူ ထံမှသာ အခြားသူများသို့ ရောဂါကူးစက်စေပါသည်။ လူအချို့သည် ရောဂါရှိနေသည်ဟု မခံစားရပဲ အဆုပ်တွင် တီဘီရောဂါရှိနေတတ်သည်။ သို့သော် ထိုသူများမှ အခြားသူများထံ ရောဂါကူးစက်နိုင်သည်။

အဆုပ်တွင် တီဘီရောဂါဖြစ်နေသူ ချောင်းဆိုးသည့်အခါ၊ နှာချေသည့်အခါနှင့် စကားပြောသည့်အခါ လေထဲတွင် ဘက်တီးရီးယားပိုးများ ပြန့်နှံ့ရောက်ရှိစေသည်။ အခြားသူများက ထို ဘက်တီးတီးယားပိုးများကို အသက်ရှုသွင်းရာမှ ကူးစက်ပျံ့နှံ့စေပြီး အထူးသဖြင့် လူနေမှု ထူထပ် နီးကပ်ခြင်းကြောင့် ဖြစ်ရသည်။

**မည်သို့ ရောဂါ ကြီးထွားလာပါသလဲ**

လူတစ်ယောက် ထိုဘက်တီးရီးယားပိုး ကူးစက်ခံရပြီးသည်မှ ရောဂါဖြစ်ပွားသည်အထိမှာ နှစ်အတော်ကြာတတ်သည်။ ကူးစက်ခံရသူအားလုံး ရောဂါဖြစ် သည်တော့ မဟုတ်ပါ။

ရောဂါရှိပါက ရောဂါပိုးကူးစက်ခံရသည့် ခန္ဓာကိုယ် အစိတ်အပိုင်းများမှ ရောဂါလက္ခဏာများပေါ်လာတတ်သည်။ ကာလကြာရှည်စွာ ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ ညဘက်ချွေးထွက်ခြင်း ကိုယ်အလေးချိန်လျော့ကျလာခြင်းတို့သည် အဆုတ်တွင်ဖြစ်သည့် တီဘီရောဂါ၏ အများဆုံးတွေ့ရသည့်  ရောဂါ လက္ခဏာများဖြစ်သည်။

**တီဘီရောဂါ ကုသခြင်း**

တီဘီရောဂါ ကုသရာတွင် အများအားဖြင့် ခြောက်လကြာ ဆေးသောက်ရတတ်သည်။ ပြန်လည် ကျန်းမာလာစေရန် အဆုံးအဖြတ်ပေးသည့် အချက်မှာ ကုသမှုကို မည်မျှမှန်မှန်ကန်ကန်ခံယူသည်ဆိုသည့်အပေါ်တွင်မူတည်သည်။ ထို့ကြောင့် နော်ဝေနိုင်ငံတွင် တီဘီရောဂါကုသမှုအားလုံးကို ဆောင်ရွက်ရာတွင် တိုက်ရိုက် ကြပ်မတ်ကုသပေးပါသည်။ ဆိုလိုသည်မှာ ဆရာဝန် ဆုံးဖြတ်ပေးထားသည့် ဆေးကို လူနာသောက်မသောက်ဆိုသည်ကို ကျန်မာရေးဝန်ထမ်းက ကြည့်ရှုရသည်။

အချို့လူများအတွက် ရောဂါတိုးမလာခင်တွင် ကုသမှုကို ဆောင်ရွက်ပေးသည်။ ကြိုတင်ကာကွယ်ကုသမှုဟု ခေါ်ပါသည်။ ဤအချက်သည် တီဘီရောဂါ အတွက် ပိုမို သည်းထန်သည့်ပုံစံများ အလွယ်တကူ ရတတ်သည့် ကလေးငယ်များ အတွက် အထူးအရေးအကြီးပါသည်။

**တီဘီရောဂါရှိမရှိ စမ်းသပ်စစ်ဆေးမှုခံယူရမည့် တာဝန်**

လူတိုင်းသည် တီဘီရောဂါရှိမရှိ စမ်းသပ်စစ်ဆေးမှုခံယူရမည့် တာဝန်ရှိသည်။ ဤအချက်သည် တီဘီရောဂါ အဖြစ်များလေ့ရှိသည့် နိုင်ငံများမှ လာရောက် ကြပြီး နော်ဝေတွင် သုံးလထက် ပိုမိုနေထိုင်သူများအတွက် အကြုံးဝင်သည်။ စမ်းသပ်စစ်ဆေးမှုများတွင် အရေပြားတွင်စစ်ဆေးခြင်း၊ သွေးစစ်ခြင်းနှင့် အသက် (၁၅)နှစ်ပြည့်ပြီးသူဖြစ်ပါက ”ါတ်မှန်ရိုက်ခြင်းတို့ပါဝင်သည်။...

**စမ်းသပ်စစ်ဆေးရခြင်း၏ ရည်ရွယ်ချက်မှာ**

- ထပ်ဆင့် ကူးစက်မှုများ မဖြစ်ပွားအောင် တားဆီးနိုင်ရန်နှင့် ကုသပေးနိုင်ရေးအတွက် တတ်နိုင်သမျှ စောလျင်စွာ ရောဂါ ရှာဖွေတွေ့ရှိရန်
- ကြိုတင် ကာကွယ်ကုသမှု လိုမလို ပိုင်းဖြတ်နိုင်ရန်အတွက် ရောဂါမဖြစ်သေးသော တီဘီပိုးကူစက်ခံထားရသူများ ရှာတွေ့နိုင်ရန်
- တီဘီရောဂါ ကာကွယ်ဆေး မထိုးဘူးသေးသောသူများနှင့် ကူးစက်မခံရသေးသောသူများကို ကာကွယ်ဆေးထိုးပေးနိုင်ရန်

နော်ဝေနိုင်ငံတွင် တရားဝင် နေထိုင်ခွင့်မရှိသောသူများလည်း စမ်းသပ်စစ်ဆေးမှုခံယူရန် အရေးကြီးပါသည်။ ရောဂါပိုးကူးစစ်ခံထားရ သူဖြစ်ကြောင်း ဖေါ်ပြ သည့် စစ်ဆေးမှုများသည် အလုပ်လုပ်ခွင့်နှင့် နေထိုင်ခွင့်အတွက် လျှောက်ထားခြင်းအတွက် ထိခိုက်စေနိုင်သည့် အကျိုးဆက်များ သက်ရောက်စေမည် မဟုတ်ပါ။

ရောဂါပိုးကူးစက်ခံရပြီး နှစ်အတော်ကြာမှ ရောဂါဖြစ်ပွားကြီးထွားလာတတ်သည်။ တီဘီရောဂါ အဖြစ်များသည့် နိုင်ငံများတွင် ကာလကြာရှည်စွာ လည်ပတ် နေထိုင်ခဲ့ဘူးသူများလည်း ကူးစက်ခံရနိုင်သည်။ တီဘီရောဂါနှင့် ပတ်သက်သည့် လက္ခဏာများပေါ်လာခဲ့လျင် ဆရာဝန်နှင့် အမြန်ဆက်သွယ်ပါ။ တီဘီရောဂါနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များ ထပ်မံသိရှိလိုလျှင် သို့မဟုတ် စမ်းသပ်စစ်ဆေးမှုခံယူလိုလျှင် သင်၏ မိသားစုဆရာဝန်နှင့် ဖြစ်စေ၊ ကွန်မြူးနယ် ဆရာဝန်နှင့်ဖြစ်စေ၊ နီးစပ်ရာ မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်ရေးဌာနသို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။ ခိုလှုံခွင့် တောင်းခံသူများ ယာယီလက်ခံထားရှိရာဌာနရှိ ဝန်ထမ်းများကလည်း ဤကိစ္စနှင့်ပတ်သက်၍ မည်သည့် နေရာတွင် စုံစမ်းဆက်သွယ်နိုင်ကြောင်း စသည့် အကြံအဉာဏ်နှင့် လမ်းညွှန်မှုများပေးနိုင်ပါသည်။

Translated by Tolketjenesten Trondheim kommune, 19. June 2008